ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင်
သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် နှုတ်ဖြင့်ဖြေကြားရမည့် ကြယ်ပွင့်ပြမေးခွန်းများ

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးအေးလှိုင်ဦး မင်းတုန်း(၂) | မင်းတုန်းမြို့နယ်၊ပန်းတုန်းတမံကို တည်ဆောက်ပြီးချိန်မှစ၍ ယခုအထိအသုံးပြုနိုင်ခြင်းမရှိဖြစ်နေခြင်းအပေါ် ပြန်လည်စိစစ်ပြီးပြင်ဆင်မွမ်းမံပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၂ | ဦးအေးလှိုင်ဦး မင်းတုန်း(၂) | မကွေးတိုင်းဒေသကြီးအတွင်း NEP စီမံကိန်းတွင် ထည့်သွင်းထားသည့် မင်းတုန်းမြို့နယ်မှ ကျေးရွာ(၂၁)ရွာအနက် စီမံကိန်းပထမနှစ်တွင် ကျေးရွာမည်မျှခန့် လျှပ်စစ်မီးရရှိရေးအတွက် လျာထားပါကြောင်းနှင့် စီမံကိန်းတွင်မပါဝင်သော်လည်း မြို့နယ်မှစိစစ်ရွေးချယ်ထားသည့် မင်းတုန်းမှပြောင်း - ထန်းပင်ကုန်းနယ်မြေ၊ မင်းတုန်းမှ မြောက်ပြင်နယ်မြေ၊ မင်းတုန်းမှ ဥယျာဉ်ပုနယ်မြေများအတွက်လည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင်လျှပ်စစ်မီးရရှိရေးအတွက် မည်မျှအထိ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း၊ | သယံဇာတ | |
| ၃ | ဦးအေးလှိုင်ဦး မင်းတုန်း(၂) | မင်းတုန်းမြို့နယ်၊ မြို့မသုသာန်နှင့်မီးသင်္ဂြိုလ်စက်တည်ဆောက်ရန်အတွက် မြေနေရာအား လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၄ | ဦးအေးလှိုင်ဦး မင်းတုန်း(၂) | မင်းတုန်းမြို့နယ်၊ မြို့မသုသာန်နှင့် မီးသင်္ဂြိုလ်စက်နေရာ လျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ ဓါတ်အားလိုင်းအရှည်ပေ (၂၂၀၀)တည်ဆောက်ပေးနိုင်ရေး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၅ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းညောင်ပင်သာအုပ်စု၊ ကံလှကျေးရွာ၊ ကံလှဆုံမြောင်ဆည်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |

| စဉ် | ကိုယ်စားလှယ်အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၆ | ဦးခင်မောင်လွင် ငဖဲ(၂) | ငဖဲမြို့နယ်၊ ပင်ဦးနှင့် ကံသာကျေးရွာကြား ပဇီချောင်းအား ပိတ်၍ ရေကျော်ရုပ်တန်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မိုးမကျမီအမြန်ဆုံးဆောင်ရွက်ပေးပါရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၇ | ဦးခင်မောင်လွင် ငဖဲ(၂) | မင်းဘူး - အမ်းလမ်းဟောင်းနှင့် ဆက်သွယ်ထားသော လိုင်၊ နောင်၊ တင်ပြင်းကျေးရွာ(၃)ရွာ ဆက်လမ်းအား အမြန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိနှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် အဘယ်ကြောင့် ဆိုသည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၈ | ဒေါ်အေးယုမော် သရက်(၁) | သရက်မြို့နယ်အတွင်း စခန်းကြီးကျေးရွာနှင့် မုဆိုးရင်ကျေးရွာသို့ 11KV ဓါတ်အားလိုင်းနှင့် 200 KVA ထရန်စဖော်မာ(၁)လုံးစီကို လာမည့်ဘဏ္ဍာနှစ်တွင် ချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၉ | ဒေါ်အေးယုမော် သရက်(၁) | သရက်မြို့နယ်အတွင်း မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းရရှိရန် လိုအပ်နေသော ရပ်ကွက်/ ကျေးရွာအုပ်စုများအထိ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လဝက (လူမှုရေး) | |
| ၁၀ | ဒေါ်အေးယုမော် သရက်(၁) | သရက်မြို့နယ်၊ ရေဖြူကျေးရွာအုပ်စု၊ ထန်းရုံကျေးရွာတွင် ရေလှောင်ဆည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၁၁ | ဦးအေးကျော် အောင်လံ(၂) | ပြလို့ကျေးရွာအုပ်စု၊ ပြလို့မြင့်ကျေးရွာအနီးရှိ သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၁၂ | ဦးအေးကျော် အောင်လံ(၂) | အောင်လံမြို့နယ်၊ ဇေယျာကျေးရွာအုပ်စု၊ ဆည်လောင်းရွာအား 11 KV ဓါတ်အားလိုင်းနှင့် 100 KVA ထရန်စဖော်မာ တပ်ဆင်ပေးနိုင်ခြင်းရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | သယံဇာတ | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁၃ | ဦးအေးကျော် အောင်လံ(၂) | အောင်လံ - ပြည်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၂၀၀ / ၆ နှင့် ၂၀၀ / ၇ အကြားရှိ ကသစ်ကန် ရေကျော်အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလို ပါကြောင်း၊ | ဆောက်/ပို့ | |
| ၁၄ | ဦးအောင်ဆန်းဝင်း ဂန့်ဂေါ(၂) | ဂန့်ဂေါမြို့နယ်၊ မင်းရွာအုပ်စု၊ မင်းရွာကျေးရွာ၌ မီးသတ်စခန်းနှင့် မီးသတ်ကားချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၁၅ | ဒေါ်သက်မွန်အေး ဆိပ်ဖြူ(၁) | ဆိပ်ဖြူမြို့နယ်၊ မီးသတ်စခန်းအတွက် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၃)ထပ် RC (၁)လုံး၊ (၃) ခန်းတွဲ (၃)ထပ် RC (၁)လုံး၊ ကဇွန်းမနယ်မြေမီးသတ်စခန်းအတွက် (၄)ခန်းတွဲ (၂)ထပ် RC (၁)လုံး၊ စုစုပေါင်းRC (၃)လုံး ဆောက်လုပ်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၁၆ | ဒေါ်သက်မွန်အေး ဆိပ်ဖြူ(၁) | ဆိပ်ဖြူမြို့နယ်၊ မီးသတ်ဦးစီးဌာနအတွက် မီးငြိမ်းသတ်ယာဉ် (၂)စီးနှင့် ကဇွန်းမနယ်မြေမီးသတ် စခန်းအတွက် မီးငြိမ်းသတ်ယာဉ် (၂)စီး ချထားပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၁၇ | ဒေါ်သက်မွန်အေး ဆိပ်ဖြူ(၁) | ဝန်ချောင်းတမံတည်ဆောက်ရာတွင် ပါဝင်သွားသော လယ်ယာမြေများ၏ နစ်နာကြေး၊လျော် ကြေးများကို တောင်သူများရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၁၈ | ဦးဇော်ဝင်း ကံမ(၁) | အုပ်ဖို - ပုထိုးလမ်းအား တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/ မရှိ၊ သို့မဟုတ်ပါက ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြ၍ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |

| စဉ် | ကိုယ်စားလှယ်အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့်ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁၉ | ဦးဇော်ဝင်း ကံမ(၁) | ပုညိုကျေးရွာ၊ သံပုရာရွာ၊ ထန်းလေးပင်၊ ဝန်လိုကိုင်းကျေးရွာ (၄)ရွာသို့ မီးလိုင်းများ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၂၀ | ဦးဇော်ဝင်း ကံမ(၁) | ကံမမြို့နယ်၊ ရေနံ့သာကျေးရွာတွင် မီးသတ်စခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၂၁ | ဦးဇော်ဝင်း ကံမ(၁) | ကံမမြို့နယ်အတွင်းရှိ အင်းကြီးကုန်း၊ ဓမ္မသော်၊ အင်းဘဲ၊ ကျောက်စောင်း၊ အင်ဘက်တောကျန်းမာရေးဌာနနှင့် ဌာနခွဲများအတွက် စံကိုက်အဆောက်အဦများ ချထားဆောင်ရွက်ပေးနိုင်ပါရန်အစီအစဉ်ရှိ/ မရှိ သို့မဟုတ် ဆက်လက်တင်ပြဆောင်ရွက်ရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၂၂ | ဦးသိန်းလှ ရေနံချောင်း(၂) | ရေနံချောင်းမြို့ ဖောင်းခွဲအုပ်စု၊ ကုန်းအိုင်ကျေးရွာနှင့် ချိုင်းကျေးရွာအုပ်စု၊ ညောင်ပင်ဝန်းကျေးရွာကြားစီးဆင်းနေသော ဖောင်းခွဲချောင်းအား ရေကျော်ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/ မရှိသိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၂၃ | ဦးသိန်းလှ ရေနံချောင်း(၂) | မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အငြိမ်းစားပင်စင်ယူထားသော ဝန်ထမ်းများအားနေထိုင်ရေးအတွက် တန်ဖိုးနည်းတိုက်ခန်းများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၂၄ | ဦးသိန်းလှ ရေနံချောင်း(၂) | ရေနံချောင်းမြို့နယ်အတွင်းရှိ နောင်ရိုးစက်မှုလက်မှုသမဝါယမအသင်းနှင့် ရေနံသာယက္ကန်းရုံ သမဝါယမအသင်း စက်ရုံများတွင် ယခင်သုံးသော ပစ္စည်းများ မည်မျှလျော့နည်းသွားသည်၊ စက်ရုံ(၂)ရုံ၏အနာဂတ်နှင့်ပတ်သက်၍မည်သို့တိုးတက်အောင်ဆောင်ရွက်သွားမည်ကိုသက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၂၅ | ဦးကျော်စွမ်းရည် မင်းဘူး(၁) | မင်းဘူးမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့်အစီအစဉ်ရှိပါကမည်သည့် ဘတ်ဂျက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၂၆ | ဦးကျော်စွမ်းရည် မင်းဘူး(၁) | မင်းဘူး(စကု)မြို့နယ်မှ ပြောင်းရွှေ့ခံခဲ့ရသည့် ROC ကျေးရွာသားများအတွက် နေရာစားပြန် လည်ရရှိနိုင်ရေးတိုင်းဒေသကြီးအစိုးရမှကူညီဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၂၇ | ဦးသက်နိုင် မြိုင်(၁) | မြိုင်မြို့နယ်၊ မကျီးကန်အုပ်စု၊ ကန်ကြီးရွာမှ မြို့ခင်းသာရွာ၊ စိုတောရွာ၊ ဆယ်တောရွာ၊ ဘုန်းကြီး ကန်ရွာ၊ ကျောက်ကန်ရွာသို့ (၈.၅) မိုင်ခန့်ကို 11KV ဓါတ်အားလိုင်းတည်ဆောက်ပေးရန် အစီ အစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၂၈ | ဦးသက်နိုင် မြိုင်(၁) | မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်းမြောက်များစွာတွင် လျှပ်စစ်မီးရရှိရေး ကိုယ့်အား ကိုယ်ကိုး ဆောင်ရွက်ခဲ့ရာတွင် အစိုးရဌာနမှ ကြာမြင့်စွာဆောင်ရွက်နေမှုများ(EI)စစ်ဆေးခြင်း ကဲ့သို့သောကိစ္စများကို ယခုထက်ပိုမိုလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိနှင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် ဆောင်ရွက်နိုင်ခွင့်မရှိပါက ပြည်ထောင်စုအဆင့်သို့ ထပ်ဆင့်တင်ပြဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၂၉ | ဦးသက်နိုင် မြိုင်(၁) | တရားမဝင်ရောင်းချနေသော စက်သုံးဆီဆိုင်(ပန့်ဆိုင်အသေးစား)များကို တရားဝင်ရောင်းချခွင့် ပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၃၀ | ဦးတင့်လွင် ရေနံချောင်း(၁) | တိုင်းဒေသကြီးအစိုးရလက်အောက်ရှိ တစ်ခုတည်းသောဌာန စည်ပင်သာယာအား အမြန်ဆုံး ပြုပြင်ထိန်းကျောင်းပေးနိုင်မည့် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စီမံ/ဘဏ္ဍာ | |
| ၃၁ | ဦးတင့်လွင် ရေနံချောင်း(၁) | သိန်းထောင်ချီတန်ဖိုးရှိသော 3rd Party လုပ်ငန်းစုကြီးသည် ပွင့်လင်းမြင်သာမှု မရှိပါသဖြင့် အများပြည်သူသိရှိရန် ပွင့်လင်းမြင်သာစွာလွှတ်တော်သို့ ချပြပြောကြားနိုင်ခြင်းရှိ/မရှိ သိရှိလို ကြောင်း၊ | ဆောက်/ပို့ | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၃၂ | ဦးတင့်လွင် ရေနံချောင်း(၁) | ပမာဏများပြားသော ၈၀ ဘီလျံခန့် လမ်းလုပ်ငန်းများအား တာဝန်ရှိသူများအနေဖြင့် ယခုထက် ပိုမိုသောနည်းများဖြင့် စိစစ်ထိန်းကျောင်းရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်ပို့ | |
| ၃၃ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်၊ ထန်းကိုင်းအုပ်စု၊ ရွာသစ်ကျေးရွာ အမကကျောင်းမြေနေရာအား တရားဝင်သိမ်းဆည်းထားခြင်း၊ ကျောင်းဆောက်လုပ်ရန် မြေငှားဂရန်ရရှိထားခြင်းရှိ/ မရှိနှင့် သိမ်းဆည်းမြေနေရာအကျယ်အဝန်း မှန်ကန်မှုရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၃၄ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်အတွင်းရှိ လက်ခုပ်ပင်ကျေးရွာနေ ပြည်သူများ သောက်သုံးရေလွယ်ကူစွာရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၃၅ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်အတွင်းရှိ တလုတ်ပင်ကိုင်းကျေးရွာ မူလတန်းကျောင်းအား ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၃၆ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်အတွင်းရှိ လက်ခုပ်ပင်ကျေးရွာအုပ်စု၊ ညောင်ပင်တဲကျေးရွာ စာသင်ကျောင်းအား ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၃၇ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်၊ ဘွဲ့ကျေးရွာအုပ်စု၊ ကွန်းသွန်းကျေးရွာအနီးရှိ ဒဟတ်ပင်ရေမှော်မှ မူလတန်းအဆင့်ကျောင်းအား နိုင်ငံတော်အသိအမှတ်ပြုကျောင်းအဖြစ် သတ်မှတ်ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၃၈ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်အတွင်းရှိ သရက် - မင်းလှကားလမ်းမှ ဘွဲ့ကျေးရွာ၊ ညင်းသွန်းကျေးရွာများကို ဖြတ်သန်းပြီး အနောက်ဘက် စစ္စနို့ - ကန်တုတ် လမ်းပိုင်းရှိ ပြည်စိုးကျေးရွာလမ်းပေါက်သို့ဆက်သွယ်သောလမ်းအား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၃၉ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်၊ ပန်းတော်ပြင်ကျေးရွာရှိ အလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၄၀ | ဦးမောင်ကို မင်းလှ (၂) | မင်းလှမြို့နယ်၏ အနောက်ဘက်ခြမ်း ကျောက်ထပ် ဆုံကုန်း - လှေ့စဉ် - ဆင်ဖြူကန်ရွာချင်း ဆက်လမ်းအား အဆင့်မီမြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၄၁ | ဦးမောင်ကို မင်းလှ(၂) | မင်းလှမြို့အဝင် မိုင်တိုင်အမှတ် ၆၆ /၁မှ ၆၇/၀အတွင်း တာဘောင်ကြီးလမ်းအားထပ်ပိုးကတ္တရာ တင်ရန် ဆောင်ရွက်ပေးနိုင်မှုရှိ/ မရှိနှင့် ရှိပါကမည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၄၂ | ဦးမောင်ကို မင်းလှ(၂) | မင်းလှမြို့နယ်အတွင်း မလွန် - ကန်တုတ် လမ်းပေါ်ရှိ စစ္စနို့၊ လယ်လှ၊ ဒီးဒုတ်ကန်ရေကျော်(၃) ခုအား အရှည်ပေ(၄၀) RC ကွန်ကရစ်တံတား (၃)ခု အားအမြန်တည်ဆောက်ပေးနိုင်မှုရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၄၃ | ဦးမောင်ကို မင်းလှ(၂) | မင်းလှမြို့နယ်အနောက်ဘက်ပျဉ်းပင် - ကျောက်စားပွဲ - ပနီဆုံ ရွာချင်းဆက်လမ်းအားရာသီမရွေး သွားလာနိုင်သော အဆင့်မြှင့်မြေသားလမ်း ဖောက်လုပ်ပေးနိုင်ခြင်းရှိ/ မရှိနှင့် ရှိပါကမည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၄၄ | ဦးမောင်ကို မင်းလှ(၂) | ပေတောကုန်းကျေးရွာနှင့် စမ်း(ကံ)ကျေးရွာချင်းဆက်လမ်းအားအဆင့်မြှင့်မြေသားလမ်းအမြန် ဆုံးဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါကမည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးနိုင် မည်ကိုသိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၄၅ | ဒေါ်ဇင်နီနီဝင်း ပခုက္ကူ(၂) | ပခုက္ကူမြို့နယ် မြို့ပေါ်(၁၅)ရပ်ကွက်မှ မြို့နယ်နိမိတ် တိုးချဲ့၍ (၂၁)ရပ်ကွက်သို့ တိုးချဲ့ပြင်ဆင် နိုင်ရေးတင်ပြထားရှိမှုအားမည်သည့်အခြေအနေသို့ရောက်ရှိ၍မည်သည့်အချိန်တွင်မြို့နယ်နိမိတ် တိုးချဲ့ပြင်ဆင်မှုအား အတည်ပြုပေးမည်ကို သိရှိလိုကြောင်း၊ | လုံ/နယ် | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၄၆ | ဦးအောင်သန်း ပေါက်(၁) | ပေါက်မြို့နယ်၊ သီးချောက် - ဒေါင်းသာရေလွှဲမြောင်း၏ စွယ်စုံလက်တံထိပ်၊ ပင်းတားကြီး အောက်ဘက် ပေ ၁၅၀/၂၀၀ခန့်အကွာတွင် မြောင်းမကြီးထဲသို့ လက်တံအောက်ခြေမှ ရေစား ကျိုးပေါက်နေရာလယ်သမားထုလုပ်အားဖြင့် ခက်ခဲကြီးစွာ ပိတ်ဆို့နေရသည့်အတွက် ၎င်း စွယ်စုံလက်တံရင်းမြောက်ဘက်နံရံပေါက်ပိတ်ဆို့ရန် ခိုင်ခန့်သည့်ကွန်ကရစ်ရေထိန်းတံခါး ပြု လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၄၇ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | ဝါးမထွက်ရှိသော ဒေသများမှ သစ်တောဝန်ထမ်းများသည် ဝါးထွက်ရှိသော စေတုတ္တရာမြို့နယ်မှ လာသော ဝါးကားများကို အခွန်ငွေကောက်ခံနေမှုအား အမြန်ဆုံးတားဆီးပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၄၈ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | သစ်ထွက်ရှိသော စေတုတ္တရာမြို့နယ်အတွက် တရားဝင်သုံးစွဲခွင့်ရှိသောသစ်(၈)တန်သည်လွန်စွာ နည်းပါးနေသည့်အတွက် ဒေသခံများဝယ်ယူနိုင်သည့်အခွင့်အလမ်းတစ်ရပ်အား စီမံဆောင်ရွက် ပေးနိုင်ရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၄၉ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | နိုင်ငံသားစိစစ်ရေးအခွန်အခနှုန်းထားများအား ခေတ်နှင့်လျော်ညီသော နှုန်းထားများအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လဝက (လူမှုရေး) | |
| ၅၀ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | ချောင်းမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သဲကျောက်များထုတ်လုပ်နေမှုကို တား မြစ်နေခြင်းမှ ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၅၁ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | အရောင်းဆိုင်များမှ ရောင်းချလျှက်ရှိသည့် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)မှတရားဝင်ထုတ်ပေးထားသည့် နံပတ်ပြားများ မဟုတ်ဘဲ ရောင်းချသည့်ဆိုင်အမှတ်အသားပါ ယာယီနံပတ်ပြားတပ်ဆင် ရောင်းဝယ်အသုံးပြုနေခြင်းအပေါ် မည်ကဲ့သို့စီမံကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ဥပဒေ၊ နည်းဥပဒေများအရ ခွင့်ပြုထားသည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၅၂ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | တောင်တွင်းကြီးမြို့နယ်အပါအဝင် အခြားအချက်အခြာကျသည့် မြို့နယ်များတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား တာဝန်ချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၅၃ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ်၊ မဲဇလီကျေးရွာအုပ်စု၊ ဆည်ကုန်းကျေးရွာ လျှပ်စစ်ဓါတ်အားလိုင်းရရှိရန်အတွက် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၅၄ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ်၊ မြို့မဈေးဇရိယာပြင်ပတွင် ရောင်းချနေသည့် နံနက်ဈေး(ခ) မီးခွက်ဈေးအား စည်းကမ်းနှင့်အညီ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရွှေ့ပြောင်းမည်ဆိုပါက မည်သည့် အချိန်တွင် ရွှေ့ပြောင်းမည်ကို သိရှိလိုကြောင်း၊ | | |
| ၅၅ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ရေယာဉ် 7 K - 4101 ခရုပန့် အက်ကွဲနေမှုအား အမြန်ဆုံးအသစ်ပြန်လည် ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၅၆ | ဒေါ်မြင့်စန်း ပေါက်(၂) | ပေါက်မြို့နယ်၊ သမားတော်ကျေးရွာအုပ်စု၊ ရေပြာကျေးရွာ တိုက်နယ်ဆေးရုံမြေနေရာ သိမ်းယူခဲ့စဉ်က တောင်သူ(၄)ဦးအတွက် အစားထိုးမြေဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ဆေးရုံမြေနှင့်ဆက်စပ်ပြဿနာများကို ဖြေရှင်းပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၅၇ | ဦးသက်ခိုင် စလင်း(၂) | တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းရည်ရွယ်ချက်များအတိုင်း အကျိုးရလာဒ်များကို ပြည်သူများပြည့်ဝစွာ ရရှိစေရေးသက်ဆိုင် ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ရန် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း၊ | | |
| ၅၈ | ဦးသောင်းရွှေ နတ်မောက်(၂) | မကွေးတိုင်းဒေသကြီး၊ မြို့နယ်(၂၅) မြို့နယ်အတွင်းရှိ မြို့တွင်းလမ်း၊ လမ်းမကြီးများတွင် လမ်း ညွှန် သတိပေးဆိုင်းဘုတ်များ မြို့တွင်းမောင်းနှင်ရမည့် သတ်မှတ်မိုင်နှုန်းပါဆိုင်းဘုတ်များ စိုက် ထူပေးနိုင်ခြင်းရှိ/ မရှိနှင့် ယာဉ်အသီးသီးအား ဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းကျောင်းနိုင်ခြင်း ရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၅၉ | ဦးသောင်းရွှေ နတ်မောက်(၂) | မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း(၂၅)မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ များမှ ကောက်ခံလျှက်ရှိသော ဆိုင်းဘုတ်အခွန်များပိုမိုတိုးတက်ကောက်ခံရရှိရေးအတွက် စီမံ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | စီမံ/ဘဏ္ဍာ | |
| ၆၀ | ဦးကျော်ဌေး မကွေး(၁) | မကွေးတိုင်းဒေသကြီးအတွင်းရှိမြို့တော်ခန်းမများမှရရှိသောဝင်ငွေထွက်ငွေများအား မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိပြီး စာရင်းစစ်ရုံးမှ ပုံမှန်စစ်ဆေးဆောင်ရွက်ခြင်းရှိ/ မရှိနှင့်မည်သူ၏ကြီးကြပ် မှုအောက်တွင် မည်ကဲ့သို့စီမံခန့်ခွဲဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း၊ | စီမံ/ဘဏ္ဍာ | |
| ၆၁ | ဦးဇော်မင်းထွန်း တောင်တွင်းကြီး(၁) | တောင်တွင်းကြီးမြို့နယ်၊ သစ်ပုတ်ကုန်းကျေးရွာသည် ရန်ပယ်ချောင်းရေတိုက်စားမှု နှစ်စဉ်နှစ် တိုင်းကြုံတွေ့နေရပါသဖြင့် ချောင်းရေတိုက်စားမှု ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများပြု လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၆၂ | ဦးဌေးဝင်း ထီးလင်း(၁) | ထီးလင်းမြို့နယ်၊ တောင်အင်းရွာ(၂)ရွာကူး ဘေလီတံတားဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၆၃ | ဦးဌေးဝင်း ထီးလင်း(၁) | ထီးလင်းမြို့နယ်၊ ရင်ရောင်းကျေးရွာ - ကျိုင်းကျေးရွာမှ ထီးလင်း၊ ကျင်း၊ ပေါက်၊ ပခုက္ကူကား လမ်းပေါ်ထိ အချိန်မရွေးသွားလာနိုင်သောလမ်းအား ၂၀၁၈ခုနှစ် (သို့) ၂၀၁၉ ခုနှစ်ရန်ပုံငွေတစ်ခုခုဖြင့် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၆၄ | ဦးဌေးဝင်း ထီးလင်း(၁) | ထီးလင်းမြို့နယ်၊ ဦးနှောက်ကျေးရွာအုပ်စု၊ ရေရှင်ချောင်းရိုးအား ခိုင်ခန့်သော ရေလွှဲဆည်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |
| ၆၅ | ဒေါ်စန်းစန်းဝင်း ချောက်(၁) | သကြ်န်ပွဲတော်အား ယဉ်ကျေးစွာဆင်နွှဲနိုင်စေရန်၊ အန္တရာယ်ကင်းစွာ ကျင်းပနိုင်စေရန် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ မရှိစေရန်နှင့် အရက်သေစာရောင်းချသူများနှင့် သောက်စားသူများကို မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း၊ | လုံ/နယ် | |
| ၆၆ | ဒေါ်စန်းစန်းဝင်း ချောက်(၁) | ငလျင်ဒဏ်သတိပေးကာကွယ်မှုများ၊ ငလျင်ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရေးအစီအမံများ၊ အဆောက်အဦများတည်ဆောက်ရာတွင် ငလျင်ဒဏ်ခံအဆောက်အဦများ တည်ဆောက်ရေးစီမံဆောင်ရွက်မှုများရှိ/ မရှိနှင့် ဆောင်ရွက်ထားပါက မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိသည်ကိုသိရှိလိုကြောင်း၊ | လူမှုရေး | |
| ၆၇ | ဒေါ်စန်းစန်းဝင်း ချောက်(၁) | မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ လျှပ်စစ်နှင့်သက်ဆိုင်သော တင်ဒါရွေးချယ်ရာတွင် ကြမ်းခင်းဈေးသတ်မှတ်မှုရှိ/ မရှိ၊ ပွင့်လင်းမြင်သာမှုရှိ/ မရှိ တင်ဒါယှဉ်ပြိုင်သူများသိရှိအောင် တင်ဒါရွေးချယ်မှု စည်းကမ်းချက်များအား ကြိုတင်ချပြမှုရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၆၈ | ဒေါ်စန်းစန်းဝင်း ချောက်(၁) | အဂတိလိုက်စားမှုအပေါ် တိုင်ကြားမှုဖြစ်စဉ်များတွင် တိုင်ကြားသူ/ သတင်းပေးသူများအား မည်ကဲ့သို့ကာကွယ်ပေးနိုင်မည်နှင့် တာဝန်သိသတင်းပေးတိုင်ကြားသူများ ပေါ်ထွက်လာစေရန် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း၊ | ဥပဒေချုပ် | |
| ၆၉ | ဦးဇော်မိုးအောင် သရက်(၂) | မကွေးမြို့တွင် ပြည်သူလူထုအပန်းဖြေနားနေနိုင်သော ကမ်းနားလမ်းပန်းခြံတစ်ခု ဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စီမံ/ဘဏ္ဍာ | |
| ၇၀ | ဦးဇော်မိုးအောင် သရက်(၂) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အစိုးရတင်ဒါကြီးကြပ်ရေးအဖွဲ့ရှိ/ မရှိနှင့်ရှိပါက မည်ကဲ့သို့ ဖွဲ့စည်းထားသည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၇၁ | ဦးဇော်မိုးအောင် သရက်(၂) | သရက်မြို့နယ်အဝင် ရှေးဟောင်းအင်းမကြီးတံတားကြီးအား အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီ အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှေးဟောင်းအမွေအနှစ်တံတားကြီးအဖြစ် ကာကွယ်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၇၂ | ဦးဇော်မိုးအောင် သရက်(၂) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးတိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ ငါးမွေးမြူရေးပရောဂျက်တစ်ခု ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၇၃ | ဒေါ်ခင်ချိုလတ် မကွေး(၂) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် NEP စီမံကိန်းအား မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ရန် မည်သို့ပြင်ဆင်ထားသည်ကိုလည်းကောင်း၊ ပြင်ထိန်းလုပ်ငန်းများနှင့် ငွေစာရင်းလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရန်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ တသမတ်တည်းရှိနိုင်ရေး ရေးဆွဲထုတ်ပြန်သွားရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၇၄ | ဒေါ်ခင်ချိုလတ် မကွေး(၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား Budget year စတင်ပြီး (၆)လအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနကသာ ပညာရေး၊ ကျန်းမာရေးတင်ဒါများကို ကြီးကြပ်ခေါ်ယူသွားရန်၊ တင်ဒါအောင်သောကုမ္ပဏီစာရင်းနှင့် လုပ်ငန်းစတင်ချိန်တွင် သက်ဆိုင်ရာနယ်မြေ MP များသို့ အသိပေးအကြောင်းကြားသွားရန်အစီအစဉ်ရှိ/မရှိနှင့် ကုမ္ပဏီများအား ငွေထုတ်ပေးရာတွင် သက်ဆိုင်ရာ MP လက်မှတ်များတောင်းခံခြင်းအား လွှတ်တော်ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက် ရယူထားခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၇၅ | ဒေါ်ခင်ချိုလတ် မကွေး(၂) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအားကျေးရွာများအထိ မည်သို့စီမံဆောင်ရွက်ထားပြီး မီးသတ်ကားများအလွယ်တကူဝင်ရောက်နိုင်သော ကျေးရွာတွင်းလမ်းများအား စနစ်တကျစီမံဆောင်ရွက်သွားရန် အစီအစဉ်ရှိ/ မရှိနှင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအား မီးသတ်ဆေးဘူး(သို့)ဒိုင်းရှင်းစက်များပံ့ပိုးကူညီသွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | လုံ/နယ် | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၇၆ | ဒေါ်ခင်ချိုလတ် မကွေး(၂) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသောအရည်အသွေးစစ်ဆေးရေးအဖွဲ့ကို မည်သို့ဖွဲ့စည်းထားသည်၊ ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ ထောက်ပံ့စရိတ် ၂% ကို မည်သို့ပေးဆောင်သည်၊ ၎င်းကော်မတီက ဌာနဆိုင်ရာတာဝန်ယူဆောင်ရွက်သော လုပ်ငန်းများကို အဘယ်ကြောင့်ဝင်ရောက်စစ်ဆေးခြင်းမရှိသည်၊ ကော်မတီဝင်များအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများတည်ထောင်ထားခြင်းရှိ/ မရှိ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း(မကွေးရုံးခွဲ)နှင့်ပါဝင်ပတ်သက်မှုရှိ/မရှိနှင့် ၎င်းQC ရှိပါလျက် မကွေးတိုင်းဒေသကြီးလွှတ်တော် အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းအတွက် Third Party ကို မည်သည့်နှုန်းဖြင့်အဘယ့်ကြောင့်ငှားရမ်းခဲ့ရသည်ကိုသိရှိလိုကြောင်း၊ | ဆောက်/ပို့ | |
| ၇၇ | ဦးဝင်းဌေး မြိုင်(၂) | မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာ(၁၀)ရွာအတွက် လိုအပ်သော11 KV လိုင်း (၈.၂၅)မိုင်ကို ၂၀၁၈-၁၉ ဘတ်ဂျက်တွင် ချထားပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၇၈ | ဦးစန်းကြူ ငဖဲ(၁) | ပဒါန်း အခြေခံပညာအထက်တန်းကျောင်းအတွက် လိုအပ်သော အထက်တန်းပြဆရာ/ ဆရာမများတိုးမြှင့်ခန့်ထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လူမှုရေး | |
| ၇၉ | ဦးကျော်ဆန်းအောင် ဆိပ်ဖြူ(၂) | ဆိပ်ဖြူမြို့နယ်အတွင်း ဆိပ်ဖြူ - ပင်းတလဲ 11KV ဓါတ်အားလိုင်း၊ ဆိပ်ဖြူ - လက်ဆည် 11KV ဓါတ်အားလိုင်းတို့နှင့် နီးကပ်လျှက်ရှိသော ကျေးရွာများအား လျှပ်စစ်ဓါတ်အားရရှိနိုင်ရေးဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | သယံဇာတ | |
| ၈၀ | ဦးကျော်မြင့် ဆော(၂) | မကွေးတိုင်းအတွင်းရှိ မြစ်များ၊ ချောင်းများတွင် တရားမဝင်နည်းမျိုးစုံဖြင့် ရှော့တိုက်ခြင်း၍ ငါးဖမ်းဆီးခြင်းလုပ်ငန်းများကို ပျောက်ကွယ်သွားရန်မည်သို့ကြပ်မတ်စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း၊ | စိုက်မွေး (သယံဇာတ) | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၈၁ | ဦးကျော်မြင့် ဆော(၂) | မကွေးတိုင်းအတွင်းရှိ မြို့တိုင်းတွင် မိလ္လာကား (၁)စီးထားရှိပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | စီမံ/ဘဏ္ဍာ | |
| ၈၂ | ဦးကျော်မြင့် ဆော(၂) | ဆောမြို့နယ်၊ ကျောက်ထုမြို့သို့ ဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီး ၁၈ ပေအကျယ်တွင် တန်ပိုကားများကြောင့် လမ်းများပျက်စီးခြင်းမှ ထိန်းချုပ်နိုင်ရန်နှင့် တန်ပိုကားများကို မြို့ရှောင်လမ်းမှ သွားလာနိုင်ရေး မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုကြောင်း၊ | ဆောက်/ပို့ | |